UNHCR
The UN Refugee Agency

# THAILAND

7 – 19 January 2016

## MEDIA MONITORING REPORT # 141

## ငြိမ်းချမ်းရေးနှင့်ပြန်လည်ရင်ကြားစေ့ရေး

### ဆွေးနွေးပွဲများတွင်လက်နက်ကိုင်အဖွဲ့များအားလုံးပါဝင်ခွင့်ပြုရန်ဒေါ်အောင်ဆန်းစုကြည်မှတောင်းဆို

Reuters, 12 January 2016

နောက်ထပ်လူနည်းစုဖြစ်သည့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကိုငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင်ထည့်သွင်းသင့်ကြောင်းနှင့်ပဋိပက္ခများကိုအဆုံးသတ်ဖို့ကြိုးပမ်းရာတွင်ဆွေးနွေးညှိနှိုင်းမှုများတွင်



ပါဝင်သည့်အဖွဲ့များနှင့်ဖယ်ထားသည့်သူများကိုမခွဲခြားသင့်ကြောင်းဒေါ်အောင်ဆန်းစုကြည်ကအင်္ဂါနေ့တွင်ပြောကြားခဲ့သည်။

အပစ်ရပ်လက်မှတ်ရေးထိုးသည့်အဖွဲ့များနှင့်မရေးထိုးသည့်အဖွဲ့များအတွင်းစိတ်ဝမ်းမကွဲကြရန်အရေးကြီးကြောင်းဒေါ်အောင်ဆန်းစုကြည်ကပြောကြားခဲ့သည်။

နေပြည်တော်၌ပြုလုပ်သောညီလာခံဖွင့်ပွဲအခမ်းအနားတွင်သမ္မတဦးသိန်းစိန်နှင့်တပ်မတော်ကာကွယ်ရေးစစ်ဦးစီးချုပ်မင်းအောင်လှိုင်လည်းတက်ရောက်ခဲ့ကြသည်။ဒေါ်အောင်ဆန်းစုကြည်ထံသို့နှစ်ဖက်စလုံးမှအာဏာလွှဲပြောင်းပေးရာတွင်ချောချောမွေ့မွေ့ရှိပုံပေါ်သည်။

**Link:** http://uk.reuters.com/article/myanmar-suukyi-peace-talks-idUKKCN0UQ0BR20160112

### ထာဝရငြိမ်းချမ်းရေးရရှိအောင်ကြိုးပမ်းအားထုတ်ကြရန်ဒေါ်အောင်ဆန်းစုကြည်မှတိုက်တွန်း

Radio Free Asia, 12 January 2016

အင်္ဂါနေ့၌နေပြည်တော်တွင်ကျင်းပသောငြိမ်းချမ်းရေးညီလာခံဖွင့်ပွဲအမှာစကားပြောကြားရာတွင်အမျိုးသားဒီမိုကရေစီအဖွဲ့(NLD)ခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်မှမြန်မာနိုင်ငံ၏နောင်လာမည့်အစိုးရသည်အောက်တိုဘာလ၌အပစ်အခတ်ရပ်စဲရေးစာချုပ်တွင်လက်မှတ်မရေးထိုးပဲသီးခြားကျန်ရှိနေသည့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့်ငြိမ်းချမ်းရေးတည်ဆောက်သွားရန်အတွက်ကြိုးပမ်းလုပ်ဆောင်မည်ဖြစ်ကြောင်းပြောကြားခဲ့သည်။

"ပြည်သူပြည်သားတိုင်းရင်းသားများကကျွန်မတို့ကိုပေးထားတဲ့လုပ်ပိုင်ခွင့်အာဏာအပေါ်အခြေခံပြီးထာဝရငြိမ်းချမ်းရေးရယူမယ့်တာဝန်ကိုထမ်းဆောင်ဖို့အဆင်သင့်ရှိနေပါတယ်"ဟုနိုဝင်ဘာလ(၈)ရက်နေ့ရွေးကောက်ပွဲတွင်တနိုင်ငံလုံးအနှံ့မဲများကိုပြတ်ပြတ်သားသားအနိုင်ရရှိခဲ့သောပါ တီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်ကပြောကြားခဲ့သည်။ပါတီသည်ယခုနှစ်အစောပိုင်းတွင်အစိုးရသစ်ဖွဲ့စည်းမည်ဖြစ်သည်။

"ကျွန်မတို့အမျိုးသားပြန်လည်သင့်မြတ်ရေးကိုအရေးတကြီးလုပ်ဆောင်ဖို့လိုအပ်ပါတယ်"၊ မြန်မာနိုင်ငံတွင်ငြိမ်းချမ်းရေးဆွေးနွေးမှုအတွက်ပထမအစခြေလှမ်းသာဖြစ်ကြောင်းဒေါ်အောင်ဆန်းစုကြည်က

ပြောကြားခဲ့သည်။ "အမျိုးသားပြန်လည်ရင်ကြားစေ့ရေးမရှိပဲနဲ့တည်တံ့ခိုင်မြဲတဲ့ငြိမ်းချမ်းရေးကိုဘယ်လိုမှမတည်ဆောက်နိုင်ပါဘူး" ဟုပြောကြားခဲ့သည်။

ဖွင့်ပွဲမိန့်ခွန်းပြောကြားရာတွင်ဦးသိန်းစိန်မှဤကဲ့သို့သောတွေ့ဆုံမှုသည်ယခင်ကစစ်တပ်အုပ်ချုပ်ခံအရှေ့တောင်အာရှနိုင်ငံထဲ၌ငြိမ်းချမ်းရေးတည်ဆောက်ရာတွင်ရှေ့ဆက်သွားမည့်အရေးပါသည့်ခြေလှမ်းတရပ်ပင်ဖြစ်ကြောင်းပြောကြားခဲ့သည်။

**Link**: http://www.rfa.org/english/news/myanmar/peace-01122016184513.html

## မြန်မာတိုင်းရင်းသားအဖွဲ့များမှငြိမ်းချမ်းရေးအတွက်အစိုးရသစ်အပေါ်ယုံကြည်မှုရှိ

Channel News Asia, 17 January 2016

ငါးရက်တာအစည်းအဝေးနောက်ဆုံးနေ့ဖြစ်သည့်ဇန်နဝါရီလ(၁၆)ရက်နေ့တွင်တိုင်းရင်းသားလက်နက်ကိုင်ညှိနှိုင်းဆွေးနွေးသူများသည်မြန်မာအာဏာပိုင်များနှင့်ဆွေးနွေးမှုကိုနစ်သက်ချီးမွမ်းခဲ့သော်လည်းတကယ့်ငြိမ်းချမ်းရေးကိစ္စများမှာအစိုးရသစ်ဖြစ်မည့်ဒေါ်အောင်ဆန်းစုကြည်အစိုးရပေါ်တွင်မူတည်သည်။



အင်္ဂါနေ့၌ပြုလုပ်သည့်ငြိမ်းချမ်းရေးဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားတွင်ဒေါ်အောင်ဆန်းစုကြည်မှသူမ၏အစိုးရသစ်လက်ထက်တွင်ငြိမ်းချမ်းရေးကိုဦးစားပေးအဖြစ်လုပ်ဆောင်မည်ဖြစ်ကြောင်းကတိပေးခဲ့ပြီးပြည်သူပြည်သားများနှင့်တိုင်းရင်းသားများမှသူမတို့အားလုပ်ပိုင်ခွင့်ပေးခဲ့ခြင်းပင်ဖြစ်ကြောင်းပြောကြားခဲ့သည်။

စနေနေ့၌အစည်းအဝေးပြီးသည့်နောက်AFPသို့ပြောကြားရာတွင်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဖြစ်သည့်ချင်းအမျိုးသားတပ်ဦးမှကိုယ်စားလှယ်တစ်ဦးဖြစ်သူဆလိုင်းလျှန်မုန်အခေါ်ကNLDအနေဖြင့်ကျွန်တော်တို့ပြည်သူလူထုလိုချင်သည့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိချင်သောဆန္ဒကိုနားလည်ဖို့သူမှမျှော်လင့်ကြောင်းပြောခဲ့သည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊အစိုးရနှင့်တပ်မတော်စသည့်တို့မှကိုယ်စားလှယ်များသည်ငြိမ်းချမ်းရေးဆွေးနွေးပွဲကိုနောက်ထပ်(၅)နှစ်အတွင်းအပြီးသတ်နိုင်ရန်သဘောတူညီခဲ့ကြသည်ဟုအစည်းအဝေးဖြစ်မြောက်အောင်ဆောင်ရွက်ပေးသည့်အစိုးရရုံးမှဝန်ကြီးဦးအောင်မင်းကပြောခဲ့ကြားခဲ့သည်။

## တပ်မတော်မှငြိမ်းချမ်းရေးအတွက်ဒေါ်အောင်ဆန်းစုကြည်နှင့်အတူပူးပေါင်းဆောင်ရွက်ရန်ကတိပြု

Democratic Voice of Burma, 15 January 2016

နိုင်ငံ၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့်ပတ်သတ်၍အစိုးရသစ်မှလုပ်ဆောင်ရာတွင်ဒေါ်အောင်ဆန်းစုကြည်၏လာမည့်အစိုးရအဖွဲ့နှင့်အတူပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းမြန်မာ့တပ်မတော်မှပြောကြားခဲ့သည်။



သောကြာနေ့တွင်နေပြည်တော်၌ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကိုစတုတ္ထနေ့အဖြစ်တွေ့မြင်ရမည်ဖြစ်ပြီးမြန်မာနိုင်ငံ၏တပ်မတော်၊တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့်နိုင်ငံရေးပါတီများတစုတစည်းထဲတက်ရောက်ကြသည်။မြန်မာနိုင်ငံ၌ငြိမ်းချမ်းရေးစတင်သည့်လုပ်ငန်းစဉ်များတွင်ညီလာခံသည်ဒုတိယအဆင့်ခြေလှမ်းဖြစ်ပြီးငြိမ်းချမ်းရေးလုပ်ငန်းစဉ်များသည်ဦးသိန်းစိန်အစိုးရအုပ်ချုပ်သည့်လက်ထက်၂၀၁၂ခုနှစ်ကပင်စတင်ခဲ့ခြင်းဖြစ်သည်။

သောကြာနေ့၌ DVB သို့ပြောကြားရာတွင်မြန်မာ့တပ်မတော်မှဗိုလ်ချုပ်တင်မောင်ဝင်းကတပ်မတော်သည်ဒေါ်အောင်ဆန်းစုကြည်နှင့်အတူငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကိုဆက်လက်ပူးပေါင်းလုပ်ဆောင်ရန်ဆန္ဒရှိပြီးအဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်းပြောကြားခဲ့သည်။

"အစိုးရဖြစ်လာမယ့်အဖွဲ့နဲ့စပ်လျဉ်းပြီးတော့ပြောချင်တာကတော့နောက်တက်လာမယ့်အစိုးရကငြိမ်းချမ်းရေးကိုအောင်အောင်မြင်မြင်နဲ့အကောင်အထည်ဖော်ကြိုးပမ်းအားထုတ်လိမ့်မယ်လို့ကျွန်တော်ယုံကြည်ပါတယ်။တပ်မတော်ကလည်းဘယ်အစိုးရနဲ့မဆိုငြိမ်းချမ်းရေးနဲ့ပတ်သတ်ပြီးအစွမ်းကုန်ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမှာပါ"ဟုတပ်မတော်ပြောရေးဆိုခွင့်ရှိသူကပြောကြားခဲ့သည်။

**Link**: http://www.dvb.no/news/burma-army-pledges-to-cooperate-with-suu-kyi-on-peace/60336

## တိုင်းရင်းသားအဖွဲ့များမှကိုယ်ပိုင်အုပ်ချုပ်ခွင့်တောင်းဆို

Mizzima, 18 January 2016

ဇန်နဝါရီလ(၁၄)ရက်နေ့ကြာသာပတေးနေ့တွင်နေပြည်တော်၌ကျင်းပနေသောပြည်ထောင်စုညီလာခံတွင်တိုင်းရင်းသားလူမျိုးစုများဖြစ်သည့်ပအို့ဝ်၊ရှမ်းနီ၊တအောင်းနှင့်"ဝ" စသည်တို့၏ကိုယ်စားလှယ်များကကိုယ်ပိုင်အုပ်ချုပ်ရေးပေးရန်တောင်းဆိုခဲ့ကြသည်။



နေပြည်တော်၌အစည်းအဝေး(၅)ရက်တာအတောအတွင်း "ဝ"ဒီမိုကရက်တစ်ပါတီ(WDP)မှကိုယ်စားလှယ်ဖြစ်သူဦးဆိုင်ပေါင်းနယ်က ၂၀၀၈ဖွဲ့စည်းပုံအခြေခံဥပဒေအရသတ်မှတ်ပေးထားသည့်"ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဒေသ(၆)မြို့နယ်အပြင်"ဝ"လူမျိုးများနေထိုင်သည့်သျှမ်းပြည်နယ်မြောက်ပိုင်းရှိနယ်မြေဒေသများအားလုံးကိုပြည်နယ်သတ်မှတ်ပေးရန်တောင်းဆိုခဲ့သည်။

၂၀၀၈ခုနှစ်အခြေခံဥပဒေအရပအိုဝ်းတိုင်းရင်းသားများအတွက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ်ဆီဆိုင်၊ဟိုပုံးနှင့်ပင်လောင်းစသည့်မြို့(၃)မြို့နယ်ကိုသတ်မှတ်ပေးထားခဲ့ပြီးဖြစ်သည်။

"ကျွန်တော်တို့တောင်းဆိုတာကပအိုဝ်းရယ်လို့သီးသန့်တော့မဟုတ်ပါဘူး။ပြည်နယ်အခွင့်အရေးရသင့်ရထိုက်တဲ့တိုင်းရင်းသားမှန်သမျှပြည်နယ်တွေသတ်မှတ်ပေးဖို့တင်ပြတာပါ။ဥပမာ"ဝ"တို့ တအောင်း(ပလောင်)တို့လည်းပါတာပေါ့" ဟုပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO) မှနာယကဗိုလ်မှူးကြီးခွန်ဥက္ကာကပြောခဲ့သည်။

**Link:** http://www.bnionline.net/news/shan-state/item/1427-ethnic-groups-demand-self-administrated-states.html

## နောင်လာမည့်ငြိမ်းချမ်းရေးညီလာခံတွင် NCA လက်မှတ်မထိုးသည့်အဖွဲ့ များကိုထည့်သွင်းမည် - အဖွဲ့ဝင်များ

Eleven, 18 January 2016

ရှေ့ဆက်နေသည့်ငြိမ်းချမ်းရေးဖြစ်စဉ်များတွင်ပါဝင်သောတာဝန်ရှိသူများသည်ပြည်တွင်းငြိမ်းချမ်းရေးရရှိရန်ကြိုးပမ်းအားထုတ်ရာ၌တစ်နိုင်ငံလုံးဆိုင်ရာအပစ်အခတ်ရပ်စဲရေးစာချုပ်(NCA)တွင်လက်မှတ်မရေးထိုးခဲ့သည့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များပူးပေါင်းပါဝင်ရန်လိုအပ်မှုနှင့်ပတ်သတ်၍ဖိစီးမှုများရှိခဲ့သည်။ထို့သို့ဖြင့်နိုင်ငံရေးဆိုင်ရာအဖြေရှာမှုရရှိရန်အတွက်အခိုင်အမာကြိုးပမ်းအားထုတ်နေကြသည်။

"ညီလာခံက(၅၈)နှစ်ကြာဖြစ်ပွားနေတဲ့ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခတွေကိုကြိုးစားအဖြေရှာဖို့ရည်ရွယ်ပါ



တယ်။ကျွန်တော်တို့အားလုံးရှေ့ဆက်နိုင်ငံရေးဆွေးနွေးပွဲတွေမှာဖြစ်နိုင်ခြေရှိတဲ့အောင်မြင်မှုတွေတိုးတက်ခိုင်မာလာစေဖို့အတွက်ကြိုးစားဖို့လိုပါတယ်။နောင်လာမယ့်အစည်းအဝေးမှာနိုင်ငံရေးဆိုင်ရာဆွေးနွေးမှုအခြေခံအုတ်မြစ်တွေပိုမိုခိုင်မာလာလိမ့်မယ်လို့ကျွန်တော်ယုံကြည်ပါတယ်"ဟုUPDJCမှအတွင်းရေးမှူးတစ်ဦးဖြစ်သူအထက်လွှတ်တော်အမတ်ခက်ထိန်နန်းကနေပြည်တော်၌ဇန်နဝါရီလ(၁၂)ရက်နေ့မှ(၁၆)ရက်နေ့ထိပြုလုပ်သည့်ပြည်ထောင်စုညီလာခံအခမ်းအနားပိတ်ပွဲနောက်ဆက်တွဲအရကျင်းပသည့်သတင်းစာရှင်းလင်းပွဲတွင်ပြောခဲ့သည်။

"အစိုးရနဲ့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေကြားမှာအယူအဆ မတူတာလေးတွေရှိမှာပါ။အရင်တုန်းကတော့ကျွန်တော်တို့အားလုံးကစစ်မက်ရေးရာအတိုင်းလုပ်ဆောင်ခဲ့ပေမယ့်ယခုအခါမှာကြာရှည်ဖြစ်ပွားနေတဲ့ပြည်တွင်းတိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခတွေကိုအဆုံးသတ်နိုင်ဖို့အတွက်နိုင်ငံရေးအရညှိနှိုင်းဆွေးနွေးမှုလုပ်ငန်းစဉ်ကိုကျွန်တော်တို့အသုံးပြုဆောင်ရွက်နေပါပြီ။တပ်မတော်ကသူတို့ရဲ့သဘောထားထင်မြင်ချက်တွေကိုဖော်ပြခဲ့သလိုတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေကလည်းသူတို့ရဲ့သဘောထားတွေကိုဖော်ပြခဲ့ပါတယ်။ဒီညီလာခံကိုနိုင်ငံရေးမြင်ကွင်းသစ်တစ်ခုအနေနဲ့စောင့်ကြည့်နေပါတယ်"ဟုUPDJCအဖွဲ့ဝင်ဖြစ်သည့်နိုင်ငံရေးပါတီကိုယ်စားလှယ်တစ်ဦးဖြစ်သူစိုင်းကျော်ညွန့်ကပြောခဲ့သည်။

"ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တခုလုံးအောင်မြင်လိမ့်မယ်လို့ကျွန်တော်ယုံကြည်ပါတယ်။ဒါပေမယ့်အခုအခါမှာတော့NCA လက်မှတ်ထိုးတဲ့သူတွေသာညီလာခံကိုတက်ရောက်ခဲ့ကြတယ်။NCAကိုလက်မှတ်မထိုးတဲ့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေသာညီလာခံကိုတက်ရောက်ခဲ့မယ်ဆိုရင်ရှေ့ဆက်သွားမယ့်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကိုအားပေးတိုက်တွန်းနိုင်မယ့်ခြေလှမ်းတစ်ရပ်ဖြစ်လာမှာပါ"ဟုUPDJC၏တိုင်းရင်းသားလက်နက်ကိုင်ကိုယ်စားလှယ်အဖွဲ့ဝင်ဖြစ်သူဒေါက်တာဆလိုင်းလျှန်မှုန်ကပြောခဲ့သည်။

**Link:** http://www.elevenmyanmar.com/politics/next-peace-conference-must-include-nca-non-signatories-members

## တရားဥပဒေနှင့်အုပ်ချုပ်မှု

### နိုင်ရေးအကျဉ်းသားများကNLD မှအကူအညီရရန်မျှော်လင့်




Myanmar Times, 19 January 2016

ဝန်းရံထောက်ခံသူအများအပြားမှလွှတ်တော်နေရာများတွင်မကြာမီဝင်ရောက်နေရာယူလာမည်နှင့်အမျှယခင်နိုင်ငံရေးအကျဉ်းသားအဖွဲ့အစည်းများမှလည်းလာမည့်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အစိုးရအပေါ်မျှော်လင့်ချက်မြင့်မြင့်မားမားထား ရှိနေကြသည်။နိုင်ငံရေးယုံကြည်ချက်ကြောင့်အကျဉ်းသားအဖြစ်ထောင်သွင်းအကျဉ်းချခံခဲ့ရသည့်NLD ခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်အပါအဝ

င်လွှတ်တော်ကိုယ်စားလှယ်(၁၁၀)ခန့်သည်ဖေဖော်ဝါရီလ(၁)ရက်နေ့တွင်လွှတ်တော်တက်ရန်ပြင်ဆင်နေကြပြီဖြစ်သည်။

FPPS သည်နောက်ထပ်နိုင်ငံရေးအဖွဲ့အစည်းတစ်ခုအနေဖြင့်ပြန်လည်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်၊နိုင်ငံ၌လက်တွေ့ကျကျနိုင်ငံရေးလုပ်ဆောင်မှုအသစ်များတွင်အထာကျရန်အတွက်အာရုံစိုက်မှုကျယ်ကျယ်ပြန့်ပြန့်ထားရှိနေသည်ဟု ဦးထွန်းကြည်ကပြောခဲ့သည်။"ကျွန်တော်တို့၂၀၂၀ရွေးကောက်ပွဲမှဝင်ပြိုင်မလားဆိုတာတော့ကျွန်တော်တို့မပြောနိုင်သေးပါဘူး၊ဒါပေမယ့်နိုင်ငံရေးဆိုင်ရာကိစ္စတွေမှာကျွန်တော်တို့ပိုမိုပါဝင်လာနေပါပြီ။"

FPPS၏ရည်မှန်းချက်မှာနိုင်ငံရေးအကျဉ်းသားများကိုခြွင်းချက်မရှိလွှတ်ပေးရန်ဖြစ်ပြီးၔင်းတို့၏မိသားစုဝင်များကိုထောက်ပံ့ပေးရန်၊ၔင်းတို့၏လူနေမှုဘဝများကိုပြန်လည်ထူထောင်ပေးရန်နှင့်အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ငြိမ်းချမ်းရေးနှင့်ဒီမိုကရေစီစသည်တို့ကိုလုပ်ဆောင်ရန်ဖြစ်သည်။

လွတ်လပ်မှု၊တန်းတူညီတူရှိမှု၊လူ့အခွင့်အရေး(သို့)တိုင်းရင်းသားလူမျိုးစုများအခွင့်အရေးစသည်တို့ကိုတိုးမြှင့်လုပ်ဆောင်ရန်ရည်ရွယ်သည့်လှုပ်ရှားမှုများကြောင့်နိုင်ငံရေးဆိုင်ရာအကြောင်းပြချက်ဖြင့်ထိန်းသိမ်းခံနေရသည့်မည်သူမဆိုလက်ရှိနိုင်ငံရေးအကျဉ်းသားသတ်မှတ်ချက်နှင့်ကိုက်ညီသည့်သူအားအဖွဲ့အစည်းမှအသင်းဝင်အဖြစ်အားလုံးအတွက်လမ်းဖွင့်ပေးထားသည်။

**Link :** http://www.mmtimes.com/index.php/national-news/nay-pyi-taw/18528-political-prisoners-hope-for-nld-help.html

## မွန်ပြည်နယ်ရှိဒေသတွင်းကျေးရွာသူကြီးရွေးကောက်ပွဲတွင်အမျိုးသမီးကိုယ်စားလှယ်အနိုင်ရရှိ

Irrawaddy, 18 January 2016

ယခင်ကကျောင်းဆရာမတစ်ဦးဖြစ်သူမိဂျာလွန်ထောသည်တနင်္ဂနွေနေ့၌မွန်ပြည်နယ်၊ကျိုက်မရောမြို့နယ်ရှိတရာနာကျေးရွာစုတွင်ကျေးရွာသူကြီးအဖြစ်ရွေးချယ်ခြင်းခံရသည်၊ အစဉ်အလာအားဖြင့်အမျိုးသားများသာစိုးမိုးခဲ့သည့်ဒေသတွင်းအုပ်ချုပ်ရေးနယ်ပယ်တွင်အမျိုးသမီးများအတွက်ကြုံတောင့်ကြုံခဲအောင်မြင်မှုတရပ်ဖြစ်သည်။



အသက်(၄၁)နှစ်အရွယ်ရှိမွန်တိုင်းရင်းသူအမျိုးသမီးသည်တနင်္ဂနွေနေ့၌ပြုလုပ်သည့်ဒေသတွင်းအဆင့်မဲဆန္ဒရွေးကောက်ယှဉ်ပြိုင်မှုတွင်အခြားတဘက်မှအဆင့်တူအမျိုးသားသုံးယောက်ကိုအောင်မြင်စွာယှဉ်ပြိုင်နိုင်ခဲ့သည်။

"မဲထည့်တဲ့သူအယောက်(၂၂၀)ရှိပြီးကျွန်မကမဲ(၁၄၀)နဲ့အနိုင်ရရှိခဲ့ပါတယ်။လူထုကကျွန်မကိုထောက်ခံတဲ့အတွက်ကျွန်မအရမ်းကိုဝမ်းမြောက်ဝမ်းသာဖြစ်မိပါတယ်" ဟုမွန်အမျိုးသားပညာရေးဌာနတွင်ယခင်ကမွန်ဘာသာသင်ကြားသည့်ဆရာမတစ်ဦးဖြစ်ခဲ့သူမိဂျာလွန်ထောကပြောခဲ့သည်။

မိဂျာလွန်ထောမှသူမ၏ကျေးရွာအားလျှပ်စစ်မီးရရှိအောင်ဦးစွာဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်းပြောခဲ့သည်။ခရီးသွားရာတွင်ဘေးကင်းလုံခြုံစွာသွားလာနိုင်ရေးအတွက်ထောက်ခံစာများနှင့်နိုင်ငံသားစိစစ်ရေးကတ်များရရှိနိုင်ရန်အတွက်ကျေးရွာအကြီးအကဲများထံရွာသားများမှအခကြေးငွေပေးခဲ့ရသည့်ဖြစ်စဉ်များကိုကိုးကား၍ဒေသတွင်းလာဘ်ပေးလာဘ်ယူမှုများကိုကိုင်တွယ်ဖြေရှင်းသွားမည်ဟုလည်းကတိပြုခဲ့သည်။

**Link** : http://www.irrawaddy.com/burma/female-candidate-wins-local-election-in-mon-state.html

## စီးပွားရေးနှင့်ဖွံ့ဖြိုးတိုးတက်မှု

### ထားဝယ်ရှိ NLD မှဒေသတွင်းပါတီများနှင့်အတူဖွံ့ဖြိုးတိုးတက်မှုများတွင်ပူးပေါင်းလုပ်ဆောင်ရန်အသင့်ရှိ

Mizzima, 18 January 2016

တနင်္သာရီဒေသရှိအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)မှဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုများကိုအကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက်ထားဝယ်အမျိုးသားပါတီ(DNP)နှင့်အတူပူးပေါင်းဆောင်ရွက်ရန်အသင့်ဖြစ်နေပြီဖြစ်ကြောင်းပြောကြားခဲ့သည်။တနင်္သာရီဒေသတွင်ပါတီမှရှေ့ဆက်လုပ်ဆောင်ရန်ကြိုးပမ်းအားထုတ်မှုအရဌာနချုပ်မှညွှန်ကြားချက်လက်ခံရရှိလာသည်နှင့်တပြိုင်နက်ဖွံ့ဖြိုးတိုးတက်မှုများကိုဒေသတွင်းအဖွဲ့အစည်းများနှင့်ပူးပေါင်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်းတနင်္သာရီဒေသရှိ NLD အမှုဆောင်များကပြောကြားခဲ့သည်။

ဒေသတွင်တိုင်းရင်းသားပါတီ(၂)ပါတီရှိသည်၊၎င်းတို့မှာကရင်ပါတီနှင့်ထားဝယ်တိုင်းရင်းသားများပါတီ(DNP)တို့ဖြစ်ကြသည်။ NLDသည်ထားဝယ်အမျိုးသားရေးရာနှင့်သက်ဆိုင်သည့်ကိစ္စများတွင်ထားဝယ်တိုင်းရင်းသားပါတီနှင့်အတူပူးပေါင်းဆောင်ရွက်နှင့်နေပြီဟုတနင်္သာရီဒေသဆိုင်ရာNLDဥက္ကဋ္ဌဦးဟိုပင်ကပြောခဲ့သည်။

ထားဝယ်တိုင်းရင်းသားများပါတီ(DNP)အနေဖြင့်ပြီးခဲ့သည့်ရွေးကောက်ပွဲတွင်ရှုံးနိမ့်ခဲ့သော်လည်းထားဝယ်တိုင်းရင်းသားရေးရာကိစ္စများအတွက်ဆက်လက်ဆောင်ရွက်လျှက်ရှိသည်။ပါတီသည်NLDနှင့်အတူပူးပေါင်းဆောင်ရွက်ရန်ဆန္ဒရှိကြောင်းကိုပါတီဥက္ကဋ္ဌဖြစ်သူဦးအေးမင်းကBNI၏ရွေးကောက်ပွဲဆိုင်ရာသတင်းခန်းတွင်ပြောကြားခဲ့သည်။

**Link:** http://www.bnionline.net/2015-election/other-region/item/1426-nld-in-dawei-ready-to-cooperate-with-local-party-for-development.html

## မြေနှင့်ပစ္စည်းဥစ္စာ

### NLDမှကရင်နီပြည်နယ်တွင်သိမ်းဆည်းခံထားရသည့်လယ်ယာမြေများစာရင်းစုဆောင်း

Mizzima News, 7 January 2016

နိုင်ငံ၏အသေးငယ်ဆုံးပြည်နယ်ဖြစ်သည့်ကရင်နီပြည်နယ်တွင်သိမ်းဆည်းခံထားရသည့်လယ်ယာမြေများစာရင်းကို၎င်းတို့မှစာရင်းပြုစုမည်ဖြစ်ကြောင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)မှပြီးခဲ့သည့်လကထုတ်ပြန်ကြေငြာခဲ့သည်။



ကရင်နီပြည်နယ်လယ်သမားများသမဂ္ဂ(KSFU)အဖွဲ့မှဗဟိုကော်မတီဝင်တစ်ဦးဖြစ်သူကိုသေးရယ်ကသူ၏သမဂ္ဂအဖွဲ့သည်ကရင်နီပြည်နယ်၌လယ်ယာမြေသိမ်းယူမှုစာရင်းအချက်အလက်များလိုက်လံကောက်ခံနေဆဲဖြစ်ကြောင်း BNI သို့ပြောခဲ့သည်။

"လယ်ယာမြေကိစ္စအများဆုံးဖြစ်ပွားနေတဲ့ဖရူဆို၊ဒီမောဆိုးနဲ့လွိုင်ကော်မြို့နယ်တို့မှာကျွန်တော်တို့အချက်အလက်တွေကောက်ခံနေဆဲဖြစ်ပါတယ်"ဟုသူကပြောခဲ့သည်။

ကရင်နီပြည်နယ်လယ်သမားများသမဂ္ဂ(KSFU)အဖွဲ့မှစုဆောင်းရရှိသည့်အချက်အလက်များကိုပြန်လည်သုံးသပ်မည်ဖြစ်ပြီးယင်းအချက်အလက်များကို NLD ရွေးကောက်ခံကိုယ်စားလှယ်လောင်းများထံသို့တင်ပြမည်ဖြစ်ကာထိုမြေယာပြဿနာများကိုဖြေရှင်းပေးရန်၎င်းတို့ထံတောင်းဆိုမည်ဖြစ်သည်။

**Link:** http://www.mizzima.com/news-domestic/nld-compile-land-grabbing-list-karenni-state

## သန်းခေါင်စာရင်းနှင့်ရွေးကောက်ပွဲ

### ရွေးကောက်ပွဲအလွန်ပထမဦးဆုံးအကြိမ်အဖြစ်အမေရိကန်သံတမန်နှင့်ဒေါ်အောင်ဆန်းစုကြည်တွေ့ဆုံ

Democratic Voice of Burma, 19 January 2016

ပြီးခဲ့သည့်နှစ်နိုဝင်ဘာလရွေးကောက်ပွဲ၌ဒေါ်အောင်ဆန်းစုကြည်ပါတီသည်အလုံးစုံအနိုင်ရရှိခဲ့ပြီးနောက်အစိုးရသစ်ဆီသို့မြန်မာနိုင်ငံ၏အကူးအပြောင်းကာလဖြစ်သည့်အားလျော်စွာဒေါ်အောင်ဆန်းစုကြည်သည်အမေရိကန်သံတမန်များနှင့်တနင်္လာနေ့တွင်တွေ့ဆုံခဲ့သည်။



ဒေါ်အောင်ဆန်းစုကြည်သည်အမေရိကန်ဒုတိယနိုင်ငံခြားရေးဝန်ကြီးအင်တိုနီဘလင်ကင်နှင့်နေပြည်တော်၌တွေ့ဆုံခဲ့သည်။

လာရောက်လည်ပတ်ရသည့်ရည်ရွယ်ချက်မှာတပ်မတော်နှင့်ချိတ်ဆက်နေသည့်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ(USDP)မှဒေါ်အောင်ဆန်းစုကြည်ပါတီဖြစ်သည့်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ထံသို့အာဏာလွှဲပြောင်းရာ၌မြန်မာအစိုးရ၏အခြေအနေများကိုဆွေးနွေးရန်ဖြစ်သည်။

NLD ဦးဆောင်သည့်အစိုးရသည်မတ်လတွင်အာဏာလွှဲပြောင်းယူမည်ဖြစ်သည်၊သမ္မတရွေးချယ်တင်မြှောက်ခြင်းကိုဖေဖော်ဝါရီလတွင်ပြုလုပ်ရန်မျှော်မှန်းထားသော်လည်းတပ်မတော်သည်နိုင်ငံရေးပိုင်းတွင်အားကောင်းသောအဖွဲ့အဖြစ်ကျန်ရှိနေဆဲဖြစ်သည်။

လွှတ်တော်နေရာလေးပုံတစ်ပုံသည်မဲပေးရွေးချယ်မှုမရှိသည့်စစ်တပ်အရာရှိများအတွက်ဖြစ်သည်။အရေးကြီးသည့်အစိုးရအဖွဲ့ဝန်ကြီး(၃)နေရာမှာ - ပြည်ထဲရေး၊ကာကွယ်ရေးနှင့်နယ်စပ်ရေးရာတို့ဖြစ်ပြီး၎င်းနေရာများကိုကာကွယ်ရေးစစ်ဦးစီးချုပ်ကရွေးချယ်ရသည်။

**Link:** http://www.dvb.no/dvb-video/first-post-election-meeting-for-suu-kyi-us-envoys/60363

The content of the UNHCR Thailand Media Monitoring Reports does not reflect the official view or opinion of the UNHCR.

**Links:** Thailand-Myanmar Cross Border Web Portal: www.commonservice.info
Facebook: www.facebook.com/commonservice
www.facebook.com/commonserviceburmese
www.facebook.com/commonservicekaren